# ကျယ်ပြန့်သော ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်

## ပြည်ထောင်စုမြန်မာနိုင်ငံ မတ်လ ၂၀၁၃

CONFIDENTIAL

**သဘောထားမူကြမ်း**

(လျှို့ဝှက် ဆွေးနွေးမှု အတွက်သာ)

အခြေခံသော စာတမ်းများမှာ

၁) ပဏာမ မူဘောင် သဘောတူညီချက် (ဒီဇင်ဘာလ၊ ၂၀၁၂)

၂) လက်နက်ကိုင်အဖွဲ့များနှင့် အစိုးအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ (နိုဝင်ဘာလ၊ ၂၀၁၁ မှ ဒီဇင်ဘာလ၊ ၂၀၁၂ ထိ)

၃) ၂၀၁၂ တိုင်းရင်းသား လူမျိုးများညီလာခံ ထုတ်ပြန်ကြေညာချက်

၄) ၂၀၁၂ ငြိမ်းချမ်းရေးအတွက် လူထုအခြေပြု အဖွဲ့အစည်းများ ဆွေးနွေးပွဲ ထုတ်ပြန်ကြေညာချက်တို့မှ အခြေခံသည်။

# နိဒါန်း

ဤပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ("သဘောတူစာချုပ်") သည်

ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ ("အစိုးရ") နှင့်

တိုင်းရင်းသားလူမျိုးများကိုယ်စားပြု လက်နက်ကိုင်အဖွဲ့အစည်းများ ("EAGs") အကြား ကျယ်ပြန့်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အစပြုခြင်းနှင့် မိမိတို့အကြားရှိ သဘောတူညီချက်များနှင့် ဂတိပြုချက်များ ပိုမိုခိုင်မာလာကြောင်းကို ညွှန်းဆိုသည်။

အခြားသော အဖွဲ့အစည်းများ လိုအပ်သလိုပါဝင်လာနိုင်စေရေးအတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွင် ပါဝင်သော အဖွဲ့အစည်းများအားလုံးမှ လိုအပ်ပါက ယခင် သဘောတူညီချက်များကိုပြင်ဆင်ကြရန် ကြိုတင် သဘောတူကြသည်။

ဤသဘောတူစာချုပ်တွင် ပါဝင်ကြသော အဖွဲ့အစည်းများမှ

လက်နက်ကိုင် ပဋိပက္ခများ ချက်ချင်း အဆုံးသတ်ရေးနှင့် ငြိမ်းချမ်းသော နည်းလမ်းဖြင့် အဖြေရှာကြရန် လေးလေးနက်နက် ဂတိပြုသည်။

မြန်မာနိုင်ငံ စည်းလုံးညီညွတ်ရေး သည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် လိုအပ်ကြောင်း သိရှိနားလည်သည်။

တရားမျှတ၍ စစ်မှန်သော ငြိမ်းချမ်းရေး အမှန်တကယ် လိုအပ်ကြောင်း ပြည့်ဝစွာ နားလည်သည်။

ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီး သဘောတူညီချက်အား လိုက်နာရန်နှင့် အကောင်အထည် ဖော်ရန် သဘောတူပါသည်။

CONFIDENTIAL

## (က) အခြေခံမူများ

အောက်ပါ အခြေခံမူများကို ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သည့်သက်ဆိုင်ရာ အဖွဲ့အသီးသီးမှ လက်ခံသဘောတူသည်။

### ၁) ငြိမ်းချမ်းရေးကို သံဓိဋ္ဌာန်ပြုခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံအား ပို၍ သဟဇာတကျခြင်း၊ သာယာဝပြောခြင်း၊ တရားမျှတမှု ရှိခြင်း စသည့် ကောင်းခြင်းများနှင့် ပြည့်စုံသည့် ခေတ်မီသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန် အတူတကွ ကြိုးပမ်းသွားကြမည်ဟု သဘောတူသည်။

### ၂) ပင်လုံသဘောတူညီချက်ကို အသိအမှတ်ပြုခြင်း

၁၉၄၇ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သော ပင်လုံစာချုပ်သည် ၁၉၄၇ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် အောင်ဆန်းအက်တလီ စာချုပ် အပိုဒ် ၈ (ခ) ပါ သတ်မှတ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့သည့်အတွက်ကြောင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် မြန်မြန်ဆန်ဆန် လွတ်လပ်ရေး ရရှိခဲ့ခြင်းဖြစ်သည်ဟု ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များမှ အသိအမှတ်ပြုသည်။

### ၃) ပြည်ထောင်စု မြန်မာနိုင်ငံတော်

ပင်လုံစာချုပ်အဖွဲ့ဝင်များဖြစ်ကြသော ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသနှင့် ရှမ်းပြည်ဖယ်ဒရယ်ပြည်ထောင်စုရှိ လူမျိုးပေါင်းစုံတို့သည် ဗမာပြည်မ ရှိလူမျိုးများနှင့်အတူ ဤပြည်ထောင်စုကို ပူးတွဲထူထောင်ခဲ့သူ များဖြစ်ကြသကဲ့သို့ ဤပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရန်မှာလည်း တန်းတူတာဝန်ရှိသည်ဟု ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များမှ သဘောတူသည်။

### ၄) လေးစားမှု၊ ဒီမိုကရေစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်

ပင်လုံစာချုပ်တွင် သဘောတူခဲ့ကြသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံကို အပြန်အလှန် လေးစားမှု၊ တန်းတူညီမျှမှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီမူစနစ်တို့ကို အခြေခံ၍တည်ဆောက်ပါက ပြည်ထောင်

CONFIDENTIAL

စုမှခွဲထွက်ရန် အကြောင်းရှိမည်မဟုတ်ကြောင်း ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များမှ သဘော တူသည်။

### ၅) တိုင်းရင်းသားလူမျိုးများကို ကာကွယ်ခြင်း

ပြည်ထောင်စု၏ပိုင်နက်နယ်မြေ ကာကွယ်ခြင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တည် ဆောက်ခြင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာကာကွယ်ခြင်း စသည်တို့ လုပ်ဆောင်နိုင်ရန်အလို့ငှာ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ (ပင်လုံစာချုပ် အဖွဲ့ဝင် မဟုတ်သည့် တိုင်းရင်းသားများ အပါအဝင်) ၏ သမိုင်း၊ ဝိသေသလက္ခဏာများ၊ ယဉ်ကျေးမှု၊ ဘာသာ စကားနှင့် ဘိုးဘွားပိုင် နယ်မြေများကို အသိအမှတ်ပြုခြင်းနှင့် တရားဥပဒေအရ ကာကွယ်ခြင်းများ ပြုလုပ်ရန်လိုအပ်သည်ဟု ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့များမှ သဘောတူသည်။

### ၆) အခွင့်အရေးတန်းတူမှု

ပြည်ထောင်စု မြန်မာနိုင်ငံရှိ နိုင်ငံသားတိုင်းသည် မည်သည့်နေရာဒေသ၊ တိုင်းရင်းသား၊ ယုံကြည်ကိုးကွယ်မှုနှင့် ကျားမများကိုမဆို တန်းတူသည့်အခွင့်အရေးအပြည့်အဝ ခံစားခွင့်ရှိသည်ဟု ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့များမှ သဘောတူသည်။ တိုင်းရင်းသား လူမျိုးစုများ၏ လူမျိုးစု ဆိုင်ရာ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုနှင့် ကျားမတန်းတူမှုစသည့် အခွင့်အရေးများ တန်းတူညီမျှမှုနှင့် ပြည်သူများ၏ မြေယာပိုင်ဆိုင်ခွင့်များကိုလည်း အသိအမှတ်ပြုရန် ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့များမှ သဘောတူသည်။

### ၇) ပြည်သူလူထုခံစားရသော ဒုက္ခများကို အသိအမှတ်ပြုခြင်း

နှစ်ပေါင်း (၆၀) ကျော်ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် မြောက်များစွာသော ပြည်သူတို့၏ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးခြင်းများ၊ နိုင်ငံတွင်းဒုက္ခသည်များ၊ ပြည်ပသို့ ထွက်ပြေးပုန်းရှောင်ရသည့် ဒုက္ခသည်များ၊ နယ်မြေရပ်ခြားသို့ ပြောင်းရွှေ့နေထိုင်ခြင်းများစသည့် ပြဿနာဆိုးကျိုးဖြစ်ပေါ်ခဲ့သည်ဟု ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သောအဖွဲ့များမှ သဘောတူသည်။

### ၈) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများကို အသိအမှတ်ပြုခြင်း

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ၎င်းတို့ဒေသအတွင်း ပြည်သူများ၏ စားဝတ်နေရေး၊ ဖွံ့ဖြိုးရေးနှင့် ဘဝလုံခြုံစေရေးအတွက် ကူညီထောက်ပံ့မှုများကို ဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများမှ အသိအမှတ်ပြုသည်။

CONFIDENTIAL

## ၉) အားလုံးပါဝင်ရေး

ဤပဋိပက္ခများကြောင့် လက်ရှိရင်ဆိုင်နေကြရသော ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပဋိပက္ခ၌ ပါဝင်ပတ်သက်နေကြသူများအားလုံး၏ ဆန္ဒသဘောထား အမြင်များကို ရယူ၍ ဖြေရှင်းကြရန် ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဂင်သော အဖွဲ့များမှ သဘောတူသည်။
ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ရမည့် သက်ဆိုင်ရာ အဖွဲ့များမှာ

က) ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ဌာနဆိုင်ရာများအားလုံး (စစ်တပ်အပါအဝင်)

ခ) တိုင်းရင်းသား လူမျိုးစု အဖွဲ့အစည်းများနှင့် ၎င်းတို့၏ စစ်တပ် အားလုံး

ဂ) နိုင်ငံရေး ပါတီများ အားလုံး (ဒီမိုကရေစီ အင်အားစု ပါတီများနှင့် တိုင်းရင်းသားပါတီများ အပါအဝင်)

ဃ) လူထုအခြေပြု အဖွဲ့အစည်းများ (အမျိုးသမီး၊ လူငယ်နှင့် အခြားသော အကြောင်းအရာများကို အခြေခံ၍ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ဥပမာ သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေး၊ တောင်သူလယ်သမားနှင့် အလုပ်သမား အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များ)

င) လုပ်ငန်းစဉ်အဆင့်တိုင်း၌ အမျိုးသမီး (၃၀ %) ပါဝင်ရန် အကြံပြုထောက်ခံသည်။

## ၁၀) အများသဘောတူညီမှု

ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဂင်သော အဖွဲ့များမှ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိနိုင်ရေးအတွက် ပဋိပက္ခ၌ ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများအားလုံး လက်ခံနိုင်သော နိုင်ငံရေးဖြေရှင်းချက်ပေါ်ထွက်လာနိုင်ရန် ညှိနှိုင်းအဖြေရှာသွားရန် သံဓိဋ္ဌာန် ချမှတ်ပါသည်။

## ၁၁) ပူးပေါင်းဆောင်ရွက်မှု

ဆွေးနွေးညှိနှိုင်းရာတွင် သဘောမတူညီမှုများ အခက်အခဲများနှင့် ရင်ဆိုင်လာရသောအခါ ပါဂင်ဆွေးနွေးကြသူများအနေဖြင့် တစ်ဘက်နှင့်တစ်ဘက် ပုတ်ခတ်ပြောဆိုခြင်း၊ မတရား စွပ်စွဲခြင်းများကို ရှောင်ကျဉ်ကြရန်နှင့် အားလုံးလက်ခံနိုင်သော အဖြေရသည်အထိ ညှိနှိုင်းကြရန် ကတိပြုပါသည်။ မိမိကိုယ်ကျိုးအတွက်သာဦးတည်၍ အခြားတစ်ဘက်အား ထိခိုက်နစ်နာစေမည့် ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်ခြင်းကို မပြုလုပ်ကြရန် သဘောတူသည်။

## ၁၂) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု

ပွင့်လင်းမြင်သာမှုနှင့် တာဂန်ခံမှု အခြေခံသဘောတရားများအပေါ် အခြေခံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပြည်သူလူထုအား မှန်ကန်သည့် သတင်းထုတ်ပြန်ကြေငြာချက်များကို ပူးတွဲထုတ်ပြန်၍ အသိပေးကြရန် ကတိပြုသည်။

## ၁၃) စစ်တပ်များကို ခွဲထားခြင်းနှင့် ရန်လိုမှုများ ရပ်ဆိုင်းထားခြင်း

CONFIDENTIAL

နိုင်ငံရေးအရ အဖြေရှာနိုင်ရန်အတွက် စစ်တပ်များကို ခွဲထားရန်နှင့် ရန်လိုမှုများရပ်ဆိုင်းထားကြရန် ဆွေးနွေးမှု လုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များမှသဘောတူသည်။

### ၁၄) စစ်အင်းအားအသုံးပြုခြင်းကို တားမြစ်ခြင်း

ပြဿနာများကို စစ်လက်နက် အင်အားသုံးဖြေရှင်းခြင်းမှရှောင်လွှဲရန်၊ ပြဿနာများကို ပူပေါင်းဖြေရှင်းကြရန်နှင့် ဆုံးဖြတ်ချက်ချနိုင်သည့် ပူးတွဲယန္တရားဖန်တီးကြရန် ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များမှ သဘောတူသည်။

### ၁၅) တရားမျှတ၍ ကျိုးကြောင်းဆီလျော်မှုရှိသော အကျိုးရလဒ်

လူတိုင်းအတွက် တရားမျှတမှု၊ တန်းတူမှု၊ လေးစားမှုနှင့် ဂုဏ်သိက္ခာများအပေါ် အခြေခံ၍ ငြိမ်းချမ်းစွာအဖြေရှာ ဖြေရှင်းရန် ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များမှ သဘောတူသည်။

## (ခ) တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်

### ၁) တစ်နိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသည် လက်နက်ရန်လိုမှုကို အဆုံးသတ်စေသည်ဟု ဆွေးနွေးမှု လုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့များမှ သဘောတူသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးသည်နှင့် တပြိုင်နက် အကျိုးသက်ရောက်မှု ရှိသည်။

ဤသဘောတူညီချက်သည် ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များ ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အထိ ချုပ်ဆိုခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အားလုံးကို ထပ်လောင်းအတည်ပြုသည်။

### ၂) စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်များ တည်ဆောက်ခြင်း

CONFIDENTIAL

(က) ပြည်သူလူထုအိုးအိမ်နှင့် လုံခြုံရေးကို အာမခံပေးနိုင်စေပြီး အပြန်အလှန်တာဝန်ခံမှုရှိသည့် စစ်ဘက်ဆိုင်ရာ ပူးတွဲကျင့်ဝတ်များအား ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ပါဝင်သော အဖွဲ့များမှ သဘောသည်။

(ခ) စစ်ဘက်ဆိုင်ရာ ပူးတွဲကျင့်ဝတ်ကို ဤသဘောတူညီချက်တွင် ပူးတွဲဖော်ပြထားသည်။ (နောက်ဆက်တွဲစာ ၃ ကိုကြည့်ပါ။)

## ၃) အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ

(က) အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီသည် အပစ်အခတ်ရပ်စဲရေးအကောင်အထည်ဖော်ဆောင်ခြင်း၊ ကျင့်ဝတ်များကို ထိန်းသိမ်းလိုက်နာခြင်းနှင့် သဘောတူညီချက်များဖော်ရာ၌ ဖြစ်ပေါ်လာသည့်ပြသနာများ ငြိမ်းအေးစေခြင်းများကို ကွပ်ကဲရသည်။

(ခ) အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီသည် ပြည်ထောင်စုအဆင့်ကို အခြေခံရမည်။ ၎င်းသည် ပြည်နယ်နှင့်တိုင်းဒေသအဆင့် ပူးတွဲငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး ကော်မတီများနှင့် ဖွဲ့စည်းပုံများကို အကျိုးပြုထောက်ပံ့ပြီး ညှိနှိုင်းချိတ်ဆက်ပေးသည်။ ၎င်းအပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီသည် လုပ်ပိုင်ခွင့်မှုဘောင်မူကြမ်းကို ပူးတွဲရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန် လိုအပ်သော ယန္တာရားများ ဖော်ဆောင်ရန် တာဝန်ရှိသည်။

(ဂ) အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီတွင် သဘောတူစာချုပ်တွင်ပါဝင်သော အဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ (နောက်ဆက်တွဲစာ - ၁)၊ နှင့် တွေ့ဆုံဆွေးနွေးရေး စီမံခန့်ခွဲမှုကော်မတီ သဘာပတိနှင့် ပူးတွဲငြိမ်းချမ်းရေးအတွင်းဝန်များပါဝင်သည်။

(ဃ) အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ၏ ဆုံးဖြတ်ချက်များသည် အများဆန္ဒဖြင့် ဆုံးဖြတ်သည်။

(င) အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်စစ်ဆေးလေ့လာသူများ (နိုင်ငံတကာအပါအဝင်) ကို ကော်မတီမှ ခန့်အပ်သည်။

## ၄) ငြိမ်းချမ်းရေး ပူးတွဲအတွင်းဝန်များ

(က) ငြိမ်းချမ်းရေး ပူးတွဲအတွင်းဝန်များ (JPS) ၏ လုပ်ငန်းတာဝန်သည် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆက်စပ်သော သဘောတူညီချက်အစိတ်အပိုင်းများ အကောင်အထည် ဖော်ဆောင်ရေးများကို ကြီးကြပ်ရမည်။ ထို့အပြင် ငြိမ်းချမ်းရေး ပူးတွဲအတွင်းဝန်များသည် လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးကိစ္စများ၊ အငြင်းပွားမှု ကာကွယ်တားဆီးခြင်းနှင့် ပြေလည်အောင်ဖြေရှင်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် သင့်လျော်သည့် ပတ်ဝန်းကျင်များ ဖန်တီးခြင်းများကို တာဝန်ယူရသည်။

(ခ) ငြိမ်းချမ်းရေး ပူးတွဲအတွင်းဝန်များ (JPS) သည် ပြည်ထောင်စုအဆင့်တွင် ဖွဲ့စည်းထားသည်။ ၎င်းသည် ပြည်နယ်တိုင်းဒေသရှိ ငြိမ်းချမ်းရေးနှင့် စောင့်ကြည့်စစ်ဆေးရေး ကော်မတီများနှင့် အခြားငြိမ်းချမ်းရေးဆိုင်ရာ အစပျိုးမှုများကို ထောက်ခံဖြည့်ဆည်းညှိနှိုင်းပေးရသည်။

CONFIDENTIAL

(ဂ) ငြိမ်းချမ်းရေး ပူးတွဲအတွင်းဝန်များ(JPS)တွင် သဘောတူစာချုပ်တွင် ပါဝင်သော အဖွဲ့အစည်းများမှာ ကိုယ်စားလှယ်များ (ပူးတွဲစာအမှတ်၁)၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ပါလီမန်ငြိမ်းချမ်းရေး ကော်မတီ၊ မြန်မာငြိမ်းချမ်းရေး စင်တာ၊ အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ (JCC) သဘာပတိများနှင့် ညှိနှိုင်းဆွေးနွေးရေး စီမံခန့်ခွဲမှုကော်မတီများ ပါဝင်သည်။

(ဃ) ပူးတွဲငြိမ်းချမ်းရေးကော်မတီ၏ ဆုံးဖြတ်ချက်များကို အများဆန္ဒဖြင့် ဆုံးဖြတ်သည်။

(င) ငြိမ်းချမ်းရေးအတွင်းဂန်များမှ လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်နယ်အစိုးရများနှင့် အခြားသော သက်ဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများအကြားဖွဲ့စည်းမည့် ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာ ဖွံ့ဖြိုးရေး၊ လူသားခြင်းစာနာသော အထောက်အပံ့များ၊ ပညာရေးနှင့် ကျန်းမာရေး ပူးတွဲကော်မတီများဖွဲ့စည်းနိုင်ရန် အထောက်အကူပေးရမည်။

## ၅) လက်နက်ကိုင် တပ်ဖွဲ့များ၏ တည်နေရာ

(က) ဤအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တွင် သတ်မှတ်ထားသည့်အတိုင်း လက်နက်ကိုင်အဖွဲ့များ သတ်မှတ်နယ်မြေအတွင်း တည်ရှိရမည်။

(ခ) အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ နယ်မြေအတွင်းရှိ အစိုးရတပ်များ လျှော့ချရမည်။ စစ်ဆင်ရေးများနှင့် တပ်အသစ်တိုးချဲ့ခြင်းများ ရှောင်ကြည်ရမည်။

## ၆) လွတ်လပ်စွာ လှုပ်ရှားသွားလာမှု

(က) လက်နက်မပါဘဲ လွတ်လပ်စွာ လှုပ်ရှားသွားလာမှုကို အာမခံပေးသည်။

(ခ) သတ်မှတ်ခွင့်ပြုထားသော နေရာ/ဧရိယာအတွင်း၌သာ လက်နက်ဖြင့် သွားလာရသည်။

(ဂ) သတ်မှတ်ခွင့်ပြုထားသော နေရာ/ဧရိယာပြင်ပ၌ လက်နက်ဖြင့် သွားလာလိုပါက အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရသည်။

## ၇) စစ်တပ်များ ပူးပေါင်းဆောင်ရွက်မှု

(က) အမျိုးသားကာကွယ်ရေးတပ်နှင့် လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးကို အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ (JCC) မှ တဆင့် လုပ်ဆောင်ရသည်။

(ခ) လက်နက်ကိုင်အဖွဲ့များ၏ စားနပ်ရိက္ခာ၊ အဝတ်အထည်နှင့် အခြေခံအဆောက်အအုံများကို အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ (JCC) နှင့် ပူးတွဲစီမံဆောင်ရွက်ရသည်။

CONFIDENTIAL

(ဂ) လက်နက်ကိုင်အဖွဲ့များနှင့် မြန်မာစစ်တပ်များမှ စစ်ရေးလေ့ကျင့်ရေးပြုလုပ်ရန်တွင် အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ (JCC) ၏ ကြိုတင်သဘောတူညီသည့် သတ်မှတ်ထားသော နယ်မြေဧရိယာအတွင်း၌သာ လေ့ကျင့်ရသည်။

## ၈) ဆက်ဆံရေးရုံးများ

လက်နက်ကိုင်အဖွဲ့များသည် အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ၏ သဘောတူညီမှုဖြင့် ဆက်ဆံရေးရုံးများ ဖွင့်နိုင်သည်။

## ၉) လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ကိစ္စများ

(က) နယ်မြေဒေသများရှိ လူထု၏ အခြေခံ လူသားချင်းစာနာထောက်ထားသည့် ဝန်ဆောင်မှုများကို ငြိမ်းချမ်းရေး ပူးတွဲအတွင်းဝန်များနှင့် ပူးတွဲစီစဉ်ဆောင်ရွက်ရမည်။

(ခ) လူသားချင်းစာနာထောက်ထားသည့်ထောက်ပံ့မှုများသည် (ဥပမာ - စားနပ်ရိက္ခာ၊ အခြေခံအဆောက်အအုံများ) ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံများ၊ ရေ၊ မီးနှင့် အခြားထောက်ပံ့မှုများပါဝင်သည်။

(ဂ) ငြိမ်းချမ်းရေး ပူးတွဲအတွင်းဝန်များ ကြိုတင်ခွင့်ပြုသည့် ထိခိုက်သော နယ်မြေဧရိယာသို့ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ လူမှုကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ခွင့်ပြုရမည်။

## ၁၀) နိုင်ငံရေးအကျဉ်းသားများ

(က) နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ရမည်။ နိုင်ငံရေးအကျဉ်းများနှင့် တိုက်ပွဲဝင်စစ်သည်များ စွဲချက်အားလုံးကို အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ (JCC) စံများအပေါ်အခြေခံ၍ ရုပ်သိမ်းရမည်။

(ခ) လက်နက်ကိုင်အဖွဲ့များသည် မတရားအသင်းနှင့် ဆက်သွယ်သူများ၊ အဖျက်သမားအဖြစ် ချုပ်နှောင်ခံသူများနှင့် ထင်ရာမြင်ရာဖမ်းဆီးရသူများတို့၏ နာမည်စာရင်းကိုတင်သွင်းပြီး အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မီတီ (JCC) မှ အတည်ပြုရသည်။

## ၁၁) NGOs နှင့် INGOs ၏ လွတ်လပ်မှုများ

တည်ဆဲဥပဒေအတိုင်း NGOs များ လွတ်လပ်စွာ လုပ်ဆောင်နိုင်သည်။

## ၁၂) မြေယာဆိုင်ရာ ကိစ္စများ

CONFIDENTIAL

သင့်လျော်မည့် မြေယာအခွင့်အရေး ဥပဒေ မရရှိသည်အထိ မြေယာအငြင်းပွားဆိုင်ရာကိစ္စများကို ပြည်နယ်ဝန်ကြီးထံ အစီရင်ခံရသည်။ (ပြုပြင်ပြောင်းလဲရေးအစီအစဉ် နံပါတ် (၈) ကို ကြည့်ပါ)

### ၁၃) လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများ

(က) ပြည်နယ်များ ဘုံသဘောတူညီ ဆုံးဖြတ်ချက်ဖြင့် လွတ်လပ်သည့် ဒေသ လူ့အခွင့်အရေးကော်မတီကို တည်ဆောက်သည်။

(ခ) ၎င်းကော်မတီသည် လူ့အခွင့်အရေးနှင့် လူမှုကယ်ဆယ်ရေးဥပဒေချိုးဖေါက်မှုများ စောင့်ကြည့်စစ်ဆေးပြီး အမျိုးသားလူ့အခွင့်အရေးကော်မတီ၊ ပြည်နယ်အစိုးရ၊ နိုင်ငံရေးပါတီများနှင့် ပူးတွဲငြိမ်းချမ်းရေး ကော်မတီသို့ အစီရင်ခံရသည်။

### ၁၄) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ တရားဝင်မှုအခြေအနေ

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကာလအတွင်း၌ တိုင်းရင်းသား လက်နက်ကိုင်များအဖွဲ့နှင့် ပြည်သူလူထုအကြား ဆက်စပ်၍ လုပ်ရှားမှုများ ပါဝင်လုပ်ဆောင်သူများကို မတရားအသင်းအက်ဥပဒေ (သို့) နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း အက်ဥပဒေ မှီငြမ်းပြီး လက်တုံ့ပြန်ခြင်း မရှိစေရဟု သဘောတူသည်။

## (ဂ) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင်သဘောတူညီချက်

### (၁) ရည်မှန်းချက် ပန်းတိုင်

(က) ငြိမ်းချမ်းရေးနှင့် တွေ့ဆုံဆွေးနွေးပွဲဖြစ်စဉ်၏ ရည်မှန်းချက်မှာ မြန်မာပြည်သူလူထုများအတွက် လိုအပ်လျှက်ရှိသော ရေရှည်တည်တံ့ပြီး တရားမျှတမှုရှိသည့် နိုင်ငံရေး အဖြေရှာကြရန်ဖြစ်သည်။

(ခ) ငြိမ်းချမ်းရေးနှင့် ဆွေးနွေးပွဲဖြစ်စဉ်သည် အာဏာခွဲဝေမှု၊ လုံခြုံရေး အခန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှု၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ကိစ္စများ၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကိစ္စများ၊ ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးစသည့်ကိစ္စများကို ဆွေးနွေး၍ ဘုံအကျိုးပြုမှုကို အများဆန္ဒဖြင့် အဖြေရှာရန်

### (၂) အခြေခံမူ လုပ်ငန်းစဉ်များ

(က) ငြိမ်းချမ်းရေးနှင့် ဆွေးနွေးပွဲဖြစ်စဉ်သည် လူအများ ပါဝင်နိုင်သည့် ဖြစ်စဉ်ဖြစ်ရမည်။ ဆွေးနွေးပွဲတွင် ပါဝင်သည့် ကိုယ်စားလှယ်များအား တရားဝင် အသိအမှတ်ပြုမှုရှိရမည်။

CONFIDENTIAL

(ခ) ငြိမ်းချမ်းရေးနှင့် ဆွေးနွေးပွဲဖြစ်စဉ်များသည် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်များ၌ ကျင်းပရမည်။

(ဂ) ငြိမ်းချမ်းရေးနှင့် ဆွေးနွေးပွဲဖြစ်စဉ်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြင်ပအထောက်အကူပြုမည့် အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းထားရန် လိုအပ်သည်။

(ဃ) အခန်း (၁) ရှိ အခြေခံမူများ ပုံစံသည် အဓိကဆွေးနွေးပွဲမူများ၏ အစိတ်အပိုင်းဖြစ်သည်။

## (၃) ယန္တရားများ

### (က) ပင်လုံပြည်ထောင်စုညီလာခံ

၁) ပင်လုံပြည်ထောင်စုညီလာခံသည် ငြိမ်းချမ်းရေးနှင့်တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ်၏ အဓိကကျသော အစိတ်အပိုင်းဖြစ်သည်။ နောက်ဆုံးသဘောတူညီချက် (ပြည်ထောင်စုသဘောတူညီချက်) ကို အတည်ပြုနိုင်ရေးအတွက် တာဝန်ရှိသည်။

၂) ထိုဖြစ်စဉ်အတွင်း ညီလာခံမှ တွေ့ဆုံဆွေးနွေးမည့် အကြောင်းအရာများအား သဘောတူခြင်း၊ ဖြစ်စဉ်၏ အခြေခံမူဘောင်များ သတ်မှတ်ခြင်း၊ လုပ်ငန်းအဖွဲ့များအား သတ်မှတ်ရွေးချယ်ခြင်းတို့ ပြုလုပ်မည်။

၃) ပင်လုံပြည်ထောင်စုညီလာခံသည် ကျယ်ပြန့်သော ပါဝင်မှုကို အာမခံသည်။ (နောက်ဆက်တွဲစာ - ၁ ကို ကြည့်ပါ)

၄) ပင်လုံပြည်ထောင်စုညီလာခံ၏ ဆုံးဖြတ်ချက်များသည် ဆန္ဒမဲဖြင့် ဆုံးဖြတ်သည်။

၅) ပေါင်းစပ်ဖွဲ့စည်းပုံ = ၉၀၀ ဦး - အစိုးရနှင့် စစ်တပ်မှ ကိုယ်စားလှယ် (၃၀၀) ဦး၊ တိုင်းရင်းသားလူမျိုးများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၃၀၀) ဦး၊ ဒီမိုကရေစီနှင့် အတိုက်အခံအင်အားစုများမှ ကိုယ်စားလှယ် (၃၀၀) ဦး

### (ခ) အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဦးဆောင်ကော်မတီ

၁) အမျိုးသားတွေ့ဆုံဆွေးနွေးရေးဦးဆောင်ကော်မတီမှ ဆုံးဖြတ်ချက်များပြင်ဆင်ခြင်းကို အဓိကလုပ်ဆောင်သည်။ ပင်လုံပြည်ထောင်စုညီလာခံမှ ဆုံးဖြတ်ချက်များရယူရန်အတွက် တင်သွင်းလာသော အဆိုပြုလွှာများကို စုစည်းရန်လည်း တာဝန်ယူရသည်။

၂) ထိုလုပ်ငန်းစဉ်အတွင်း ဦးဆောင်ကော်မတီမှ ဆွေးနွေးမည့်အကြောင်းအရာများအပေါ် အခြေခံ၍ အကြံအဉာဏ်များ ရယူခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများ၊ လုပ်ငန်းအဖွဲ့များမှ တင်သွင်းလာသည့် အဆိုပြုလွှာများနှင့် မူကြမ်းများကို သုံးသပ်ခြင်းတို့ ပြုလုပ်သည်။

၃) ထိရောက်သော ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဦးဆောင်မတီမှ ပါဝင်ဆွေးနွေးမည့် ဦးရေကို ကန့်သတ်ထားသည်။

CONFIDENTIAL

၄) အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဖော်ရမ်၏ဆုံးဖြတ်ချက်များကို အများဆန္ဒဖြင့် ဆုံးဖြတ်သည်။

၅) အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဦးဆောင်ကော်မတီကို ထိပ်သီး ငြိမ်းချမ်းရေးပူးတွဲကော်မတီမှ ခန့်အပ်သည်။

၆) ထိုကော်မတီတွင် အစိုးရနှင့်စစ်တပ်၊ တိုင်းရင်းသားလူမျိုးများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ အတိုက်အခံနှင့် ဒီမိုကရေစီအင်းအားစုများမှာ ကိုယ်စားလှယ် ၂၀ဦးကျစီပါဝင်သည်။

## (ဂ) အထူးလုပ်ငန်းအဖွဲ့နှင့် ဆွေးနွေးမည့်အကြောင်းအရာများဆိုင်ရာကော်မတီများ

၁) အထူးလုပ်ငန်းအဖွဲ့နှင့် အကြောင်းအရာများဆိုင်ရာကော်မတီများမှ တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် ခေါင်းစဉ်များ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် နည်းပညာများ လုပ်ထုံးများကို စီစဉ်ရန် တာဝန်ရှိသည်။ ရွေးချယ်နိုင်သော နည်းလမ်းများနှင့် နောက်ခံသမိုင်းကြောင်း သုံးသပ်ချက်များ ပါဝင်သည့် အဆိုပြုလွှာမူကြမ်းကို ပြင်ဆင်ပြီး အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဦးဆောင်ကော်မတီထံသို့ တင်သွင်းပြီး ခွင့်ပြုချက်ရယူရန်နှင့် ထိုမှတဆင့် ပင်လုံပြည်ထောင်စုညီလာသို့ အတည်ပြုချက် ရယူရန်တင်သွင်းရမည်။

၂) ထိုလုပ်ငန်းစဉ်အတွင်း အထူးအလုပ်အဖွဲ့များနှင့် အကြောင်းအရာများဆိုင်ရာကော်မတီများမှ ဆွေးနွေးမည့်အကြောင်းအရာများနှင့်သက်ဆိုင်သော အကြောင်းအချက်များအား လေ့လာခြင်း၊ နှိုင်းယှဉ်သုံးသပ်ခြင်း၊ အဆိုပြုလွှာမူကြမ်းများရေးဆွဲခြင်းတို့ ပြုလုပ်သည်။

၃) အထူးအလုပ်အဖွဲ့များနှင့် အကြောင်းအရာများဆိုင်ရာကော်မတီများတွင် အစိုးရနှင့်စစ်တပ်၊ တိုင်းရင်းသားလူမျိုးများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အတိုက်အခံနှင့် ဒီမိုကရေစီအင်အားစုများ၊ လူထုအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၀ဦးကျစီ ပါဝင်သည်။ ပါဝင်သည့် အဖွဲ့ဝင်များမှာ သက်ဆိုင်ရာအကြောင်းအရာများနှင့် ဆက်စပ်သည့်ဗဟုသုတများနှင့် လုပ်ရည်ကိုင်ရည်ရှိရမည်။ (နောက်ဆက်တွဲစာ ၁)

၄) အထူးလုပ်ငန်းအဖွဲ့နှင့် ခေါင်းစဉ်အလိုက်ကော်မတီများ၏ ဆုံးဖြတ်ချက်များသည် အများဆန္ဒဖြင့် ဆုံးဖြတ်သည်။

၅) အထူးလုပ်ငန်းအဖွဲ့ ၁၀ဖွဲ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာကို တာဝန်ယူရန်ဖြစ်ပြီး အကြောင်းအရာဆိုင်ရာ ကော်မတီ ၉ခုမှာ ဆွေးနွေးပွဲနှင့်သက်ဆိုင်သော အကြောင်းအရာများ၊ စိုးရိမ်မှုများနှင့် အခြားသော ပေါ်လစီ အရေးကိစ္စများအားကိုင်တွယ်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။

## (ဃ) ဆွေးနွေးပွဲ စီမံခန့်ခွဲရေး ပူးတွဲကော်မတီနှင့် အတွင်းဝန်များ

၁) ဆွေးနွေးပွဲ စီမံခန့်ခွဲရေး ပူးတွဲကော်မတီမှာ ပင်လုံပြည်ထောင်စုညီလာခံ၊ တွေ့ဆုံဆွေးနွေးရေးဦးဆောင်ကော်မတီနှင့် အထူးလုပ်ငန်းအဖွဲ့များအား စီမံခန့်ခွဲရန်နှင့် ထောက်ပံ့ရန်ဖြစ်သည်။

၂) ဆွေးနွေးပွဲ စီမံခန့်ခွဲရေး ပူးတွဲကော်မတီကို အတွင်းဝန်များမှ အထောက်အကူပြုသည်။

CONFIDENTIAL

၃) ဆွေးနွေးပွဲ စီမံခန့်ခွဲရေး ပူးတွဲကော်မတီအဖွဲ့ဝင်များကို အမျိုးသားတွေ့ဆုံဆွေးနွေးရေး ဦးဆောင်ကော်မတီမှ ခန့်အပ်သည်။

## (င) ထိပ်သီး ငြိမ်းချမ်းရေးပူးတွဲကော်မတီ

၁) ထိပ်သီးကော်မတီသည် အစိုးရနှင့် စစ်တပ်၊ တိုင်းရင်းသားလူမျိုးများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒီမိုကရေစီနှင့် အတိုက်အခံအင်အားစုများတို့မှ ထိပ်သီးခေါင်းဆောင် (၇) ဦးစီဖြင့် ဖွဲ့စည်းထားသည်။ (စုစုပေါင်း = ၂၁ ဦး)

၂) ထိုကော်မတီမှ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ ဦးဆောင်ကော်မတီကို ခန့်အပ်သည်။

၃) ဤငြိမ်းချမ်းရေးစာချုပ်ကိုအခြေခံ၍ ထိပ်သီးငြိမ်းချမ်းရေးပူးတွဲကော်မတီမှ ပင်လုံပြည်ထောင်စုညီလာခံ၏ လုပ်ပိုင်ခွင့်များကို ပေးအပ်မည်။

၄) ထိပ်သီးငြိမ်းချမ်းရေးပူးတွဲကော်မတီဝင်များမှ ပင်လုံပြည်ထောင်စုညီလာခံသို့ တက်ရောက်မည့် မိမိတို့၏ ကိုယ်စားလှယ်အမည်စာရင်းကို တင်သွင်းသွားမည်ဖြစ်သည်။

၅) ပင်လုံအမျိုးသားညီလာခံမှ သဘောတူချမှတ်ခဲ့သော ပြည်ထောင်စုသဘောတူညီချက်အား တရားဝင်စေရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ထိုကော်မတီမှ တာဝန်ယူလုပ်ဆောင်မည်။

၆) ကော်မတီသည် ဆွေးနွေးခြင်းများ ရပ်တန့်သွားခြင်း သို့မဟုတ် ရှေ့မဆက်နိုင်သည့် အခြေအနေတွင် ကြားဝင်ဖြန်ဖြေပေးရမည်။

## (၄) ရလဒ်များနှင့် အချိန်ကာလ

(က) ငြိမ်းချမ်းရေးနှင့်တွေ့ဆုံဆွေးနွေးခြင်းဖြစ်စဉ်မှ အကြောင်းအရာများကို ဖြေရှင်းပေးနိုင်သည့် ပြည်ထောင်စု သဘောတူညီချက်အား အကောင်အထည်ဖေါ်ရန် အဆင်သင့်ဖြစ်သည့် အခြေအနေသို့ ရောက်သောအခါ ပင်လုံအမျိုးသားညီလာခံအား အဆုံးသတ်သွားမည်။

(ခ) ပြည်ထောင်စု သဘောတူစာချုပ်ကို ပင်လုံပြည်ထောင်စုညီလာခံမှ မဲဆန္ဒဖြင့် အတည်ပြုသည်။

(ဂ) ရည်မှန်းချက်မှာ ပင်လုံ၂ ပြည်ထောင်စုညီလာခံအား ၂၀၁၅ရွေးကောက်ပွဲမတိုင်မီ ၆လအလိုတွင် အပြီးသတ် ကျင်းပနိုင်ရန်နှင့် ပင်လုံ၃ ကို ရွေးကောက်ပွဲအပြီးတွင် ဆက်လက်ကျင်းပမည်။

(ဃ) နောက်ဆုံး ပြည်ထောင်စု သဘောတူစာချုပ်ကို ၂၀၁၅ ရွေးကောက်ပွဲပြီးနောက်ပိုင်းတွင် ဆက်လက် အကောင်အထည် ဖော်ဆောင်သွားမည်။

## (၅) လူထုပါဝင်မှု

CONFIDENTIAL

ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ရှိ ငြိမ်းချမ်းရေးစီမံချက်တလျှောက်လုံး နိုင်ငံရေးပါတီများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပရမည်။

**(၆) သတင်း (မီဒီယာ) ၏ အခန်းကဏ္ဍ**

ငြိမ်းချမ်းရေးဖြစ်စဉ်တစ်လျှောက်တွင် မီဒီယာများမှ ငြိမ်းချမ်းရေးနှင့် တွေ့ဆုံဆွေးနွေးရေးနှင့် သက်ဆိုင်သော သတင်းများဖော်ပြရာတွင် တိကျမှန်ကန်၍ ဘက်လိုက်မှုကင်းရမည်။ အစိုးရ မီဒီယာနှင့် အစိုးရမဟုတ်သော မီဒီယာများအနေဖြင့် နိုင်ငံသားများ တူညီသော အသိအမြင်ရရှိစေရေးကို အခြေခံ၍ သတင်းများကို တာဝန်ယူရှိစွာဖြင့် ရေးသားဖော်ပြရန် တိုက်တွန်းလိုသည်။ အကြီးတန်း သတင်းအယ်ဒီတာများနှင့် မီဒီယာ မန်နေဂျာများပါဝင်သော ဖော်ရမ်တစ်ခုကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး ထိုဖော်ရမ်မှ JCC၊ ငြိမ်းချမ်းရေးအတွင်းဝန်နှင့် တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ စီမံခန့်ခွဲရေး ပူးတွဲကော်မတီများနှင့် ပုံမှန် တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်မည်။

## (ဃ) ပြုပြင်ပြောင်းလဲရေးကာလအတွင်း အစီအစဉ်များ

### (၁) ရည်ရွယ်ချက်

အပြောင်းအလဲကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဆက်လက် လည်ပတ်နိုင်ရန်နှင့် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတွင် မိမိတို့အတွက် ခိုင်မာသော ရပ်တည်ချက် ရရှိရေး။

### (၂) အချိန်ကာလ

ပြုပြင်ပြောင်းလဲရေးကာလအတွင်း အစီအစဉ်များသည် သဘောတူညီချက်များကို လက်မှတ်ရေးထိုးပြီး အချိန်ကာလမှ နောက်ဆုံး ပြည်ထောင်စု သဘောတူညီချက် အကောင်အထည် ဖော်ဆောင်သည့်အချိန်ထိ - ပူးတွဲ အဆင့်မြင့် ငြိမ်းချမ်းရေးကော်မတီမှ ပြန်လည်သုံးသပ်မှုကို လိုက်နာရန် သဘောတူသည်။

### (၃) နိုင်ငံရေးအာဏာခွဲဝေခြင်း

(က) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ လိုအပ်သော အရင်းအမြစ်များကို အောက်ပါအစီအစဉ်များမှ ရယူနိုင်သည်။

- အခွန်ကောက်ခံခြင်း
- စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း

CONFIDENTIAL

- အစိုးရနှင့် နိုင်ငံတကာ အလှူရှင်များထံမှ အထောက်အပံ့များ ရယူနိုင်ခြင်း

- တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ထိန်းချုပ်နယ်မြေအတွင်း အကြီးစား စီးပွားရေးစီမံကိန်းများမှ အကျိုးအမြတ်များခွဲဝေရယူပိုင်ခွင့်

(ခ) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်နယ်အတွင်း ပြောင်းရွှေ့နေထိုင်ခြင်း၊ ဒုက္ခသည်များနှင့် IDP များ ပြန်လည် နေရာချထားခြင်း၊ မိမိတို့ တပ်မတော်သားများ၏ ဘဝပြန်လည် တည်ဆောက်ခြင်း စသည့်ကဏ္ဍများကို ချုပ်ထိန်းပိုင်ခွင့် ရှိရမည်။

( င) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် စွမ်းရည်မြင့်တင်ရေးသင်တန်းများသည် နိုင်ငံရေးအာဏာခွဲဝေခြင်း အစီအစဉ်ကို ဖော်ဆောင်ခြင်း ဖြစ်သည်။

## (၄) အခွင့်အလမ်းနည်းပါးသော အဖွဲ့များအား စွမ်းရည်မြင့်တင်ခြင်း

ငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွင်း အမျိုးသမီးများ၊ လူငယ်များနှင့် အခွင့်အလမ်းနည်းပါးသော လူမှုအဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရန် စွမ်းရည်မြင့်တင်ရန်။

## (၅) စီးပွားရေးနှင့်ဆိုင်သော အာဏာခွဲဝေခြင်း

မိမိတို့ပြည်နယ်ရှိ ပြည်သူလူထုများအပေါ် အကျိုးသက်ရောက်မှုရှိစေသည့် စီးပွားရေး စီမံကိန်းများကို တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများမှ ပါဝင်ရွေးချယ်ရန်

## (၆) ဥပဒေပြုရေးဆိုင်ရာကိစ္စများ

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ မိမိတို့၏ နယ်မြေအတွင်း မိမိတို့၏ တရားဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကို ဆက်လက်ကျင့်သုံးပိုင်ခွင့်ရှိရန်။

## (၇) ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စများ

(က) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ ရိုးရာ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းများကို ကာကွယ်ရန်

CONFIDENTIAL

(ခ) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ မိမိတို့ဒေသအတွင်း သဘာဂပတ်ဂန်းကျင် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော စိုးရိမ်ပူပင်မှုများကို ဖေါ်ပြပြောဆိုသွားရန်။
(င) သဘာဂပတ်ဂန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထံမှ ကြိုတင်သဘောဆန္ဒရယူရန်

## (၈) မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စများ

(က) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ မိမိတို့ဒေသအတွင်းရှိ ပြည်သူပိုင် မြေယာများ၊ သစ်တောများ၊ ဒေသရင်း တိရစ္ဆာများနှင့် ဒေသရင်းအပင်များ ကာကွယ်ရန်။
(ခ) မြေယာသိမ်းဆည်းခြင်းအားလုံး လုပ်ဆောင်ခြင်းများရပ်တန့်ရန်။
(ဂ) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရသည် ပြည်သူများ၏ သဘောဆန္ဒရယူခြင်းမရှိပဲ သိမ်းဆည်းထားသော မြေယာများကို သုံးသပ်ရန်အတွက် ပူးတွဲကော်မတီတစ်ရပ်ဖွဲ့ရန်။

## (၉) သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

တိုင်းရင်းသားပြည်နယ်များအတွင်းရှိ ဖွံ့ဖြိုးရေးလုပ်ငန်းအားလုံးများကို သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုဆိုင်ရာ အကဲဖြတ်ခြင်းများ လုပ်ဆောင်ရမည်။ လုပ်ငန်းစဉ်များ လွယ်ကူချောမောစေရန် အတွက် လွပ်လပ်သော ပညာရှင်များဖြင့် ကော်မတီဖွဲ့စည်းရန် သဘောတူသည်။

တိုင်းရင်းသားပြည်နယ်များအတွင်းရှိ မြေပေါ်မြေအောက် သဘာဝသယံဇတများကို ပြည်သူများ၏ သဘောဆန္ဒရယူခြင်းဖြင့် ထုတ်ယူရသည်

## နောက်ဆက်တွဲ - ၁။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်မည့်သူများ

| ယန္တရား | ပါဝင်သူများ |
|---|---|
| အပစ်အခတ်ရပ်စဲရေး ပူးတွဲကော်မတီ | ၁ x တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAG) တစ်ယောက်စီ = ၂၁ ဦး<br>၁ x တိုင်းမှူး = ၁၀ ဦး<br>၁ x ငြိမ်းချမ်းရေးကော်မတီ သဘာပတိ<br>၁ x ဆွေးနွေးပွဲ စီမံခန့်ခွဲမှု ကော်မတီ သဘာပတိ<br>၃ x စစ်ဌာန<br>စုစုပေါင်း = ၃၆ ဦး<br>နိုင်ငံတကာ လေ့လာသူများအပါ |
| ငြိမ်းချမ်းရေး ပူးတွဲကော်မတီ | ၁ x တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ (EAG) တစ်ယောက်စီ = ၂၁ ဦး<br>၁ x ပြည်နယ်ဒေသ = ၁၀ ဦး<br>၁ x ပူးတွဲဆွေးနွေးပွဲ စီမံခန့်ခွဲမှု ကော်မတီ သဘာပတိ<br>၈ x ပါလီမန် ငြိမ်းချမ်းရေး ကော်မတီ (သဘာပတိနှင့် ပြည်နယ် |

CONFIDENTIAL

| | |
|---|---|
| | ကိုယ်စားလှယ်တစ်ဦးစီ)<br>လူမှုအဖွဲ့အစည်းများ (ပါဝင်မည့်အရေအတွက် သတ်မှန်ရန်)<br>၃ x စစ်ဌာန<br>စုစုပေါင်း = ၂၈ ဦး |
| လူ့အခွင့်အရေး ကော်မတီ | အတည်ပြုရန် |
| ပင်လုံအမျိုးသားဆွေးနွေးပွဲညီလာခံ | ၃၀၀ x ၃<br>စုစုပေါင်း = ၉၀၀ ဦး |
| အမျိုးသားတွေ့ဆုံဆွေးနွေးပွဲ ဦးဆောင်ကော်မတီ | စုစုပေါင်း = ၆၀ ဦး |
| ခေါင်းစဉ်အလိုက် လုပ်ငန်းအဖွဲ့များ | အတည်ပြုရန် |
| ပူးတွဲစီမံခန့်ခွဲရေးကော်မတီနှင့် အတွင်းဝန်များ | အတည်ပြုရန် |

CONFIDENTIAL

## နောက်ဆက်တွဲ - ၂။ တွေ့ဆုံဆွေးနွေးရေးကိစ္စ

အမျိုးသားတွေ့ဆုံဆွေးနွေးပွဲ၌ ဆီလျော်သော ဆွေးနွေးရမည့် ကိစ္စအချို့ကို အောက်တွင် ဖေါ်ပြထားသည်။

### ၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲခြင်း

(က) ပြည်ထောင်စု အစိုးရ အာဏာ

(ခ) တိုင်းဒေသအာဏာပိုင်များ၏ သီးခြားသော လုပ်ပိုင်ခွင့်အာဏာ

(ဂ) ဗဟိုအစိုးရနှင့် ပြည်နယ် တိုင်းဒေသများအကြား အာဏာခွဲဝေရေး

(ဃ) ဗဟိုအစိုးရနှင့် ပြည်နယ် တိုင်းဒေသများ အခန်းကဏ္ဍ

(င) ဗဟိုအစိုးရနှင့် ပြည်နယ် တိုင်းဒေသများ အမျိုးအစား

## (၂) လုံခြုံ ပြုပြင်ပြောင်းလဲခြင်း

လုံခြုံရေး ဥပဒေကို ပြန်လည်ဆန်းစစ်ခြင်း - အောက်ပါမေးခွန်းများအပါအဝင်

(က) ပြည်နယ် တိုင်းဒေသများ လုံခြုံရေးတပ်များ၏ အခန်းကဏ္ဍ

(ခ) စစ်တပ်များအပေါ် အရပ်သားများ၏ ထိန်းချုပ်နိုင်သည့် အတိုင်းအတာ

(ဂ) အရေးပေါ်အခြေအနေနှင့် နိုင်ငံတော် လုံခြုံရေးအား ခြိမ်းခြောက်ခြင်း စသည်များကို အမိပ္ပါယ် ဖွင့်ဆိုခြင်းနှင့် အမိပ္ပါယ်ကောက်ယူခြင်း

## (၃) စီးပွားရေးဆိုင်ရာ မေးခွန်းများ

(၁) ပြည်နယ် တိုင်းဒေသအတွင်းရှိ အရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်

(၂) ပြည်နယ် တိုင်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခွင့်ခြင်း

(၃) ပြည်နယ် တိုင်းဒေသမှ ရရှိသော ဘဏ္ဍာငွေကို ခွဲဝေခြင်း

(၄) မိမိတို့ပြည်သူများအပေါ် အကျိုးသက်ရောက်မှုရှိစေသော စီမံကိန်းများကို ပြည်နယ်တိုင်းဒေသ ပူးတွဲစီခံခန့်ခွဲခြင်း

(၅) ပြည်နယ် တိုင်းဒေသအကြား အရင်းအမြစ်များ ခွဲဝေခြင်း

(၆) အထူးစီးပွားရေးဇုံတည်ဆောက်မှုအပေါ် မေးခွန်းထုတ်ရန်

(၇) ရေရှည်တည်တံ့သော စီးပွားရေးစီမံကိန်းများအပေါ် မေးခွန်းထုတ်ရန်

## (၄) လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ ကိစ္စများ

(က) ပြည်နယ် တိုင်းဒေသ အာဏာပိုင်များမှ လူသားချင်းစာနာထောက်ထားသော အထောက်အပံ့များ ရရှိရေး။

(ခ) ပြည်နယ်တိုင်းဒေသ အာဏာပိုင်များမှ မိမိတို့ဒေသအတွင်း အရေးပေါ်အခြေအနေနှင့် ပတ်သက်သည့် ကိုယ်ပိုင်ကယ်ဆယ်ရေးစီမံချက်ကို အခြားပြည်နယ်တိုင်းများနှင့် ဗဟိုအစိုးရတို့၏ စီမံချက်များနှင့် သဟဇာတ ကျစွာ ရေးဆွဲပိုင်ခွင့်။

(ဂ) လူသားချင်းစာနာထောက်ထားသော အထောက်အပံ့များကို ဗဟိုအစိုးရနှင့် ပြည်နယ် တိုင်းဒေသ အစိုးရများအကြား ခွဲဝေရေး

## (၅) ဥပဒေပြုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်း

CONFIDENTIAL

(က) ဥပဒေပြုရေးစနစ်ကို ပြန်လည်သုံးသပ်ရန်

(ခ) ပြည်နယ်နှင့် တိုင်းဒေသများ၏ ဥပဒေပြုရေး စနစ်ကို မေးခွန်းထုတ်ရန်

(ဂ) ပြည်နယ် တိုင်းဒေသအာဏာပိုင်များမှ မိမိတို့၏တရားရေးစနစ်ကို မိမိတို့၏ မိရိုးဖလာ ဥပဒေများကို အခြေခံ၍ ပြဌာန်းပိုင်ခွင့်

(ဃ) ဥပဒေစိုးမိုးမှု အားကောင်းလာစေရန်

## (၆) မြေယာဆိုင်ရာ ကိစ္စများ

(က) ပြည်နယ် တိုင်းဒေသအတွင်း မြေယာပိုင်ဆိုင်ခွင့်

(ခ) မိရိုးဖလ မြေယာပိုင်ဆိုင်ခွင့် ဥပဒေများကို မေးခွန်းထုတ်ရန်

(ဂ) လယ်ယာမြေဆိုင်ရာ ဥပဒေများကို ပြန်လည်သုံးသပ်ရန်

## (၇) အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး

တိုင်းရင်းသားလူမျိုးစုများ သမိုင်းတလျှောက် ခံစားခဲ့ရသည့် တရားမမျှတမှုများကို ဖြေရှင်းပေး နိုင်မည့် ယန္တရားကို ဖန်တီးရန်။

## (၈) မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်း

မူးယစ်ဆေးဝါးကာကွယ်ခြင်း၊ တရားမဝင်ဘိန်းများစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးမှောင်ခိုများပါဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်းကို မေးခွန်းထုတ်ရန်

## (၉) အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း

အခြေခံ အဆောက်အအုံများဖြစ်သည့် ဒေသတွင်းလေယဉ်ကွင်းများ၊ ဟိုင်းဝေးလမ်းမကြီးများ တည်ဆောက်ခြင်း။ ပြည်သူများ၏ အခြေခံလိုအပ်ချက်များဖြစ်သည့် ရေ၊ လျှပ်စစ်မီး၊ အစာရေစာဖူလုံမှု၊ ကျန်းမာရေးနှင့် ပညာရေး စသည်တို့ ရရှိစေရန် ပူးပေါင်းဆောင်ရွက်ရေး။

## (၁၀) IDP/ ဒုက္ခသည် ကိစ္စများ

IDP/ဒုက္ခသည်များ ပြန်လည်နေရာချထားရေးနှင့် ၎င်းတို့နေရပ်တွင် စားဝတ်နေရေးအတွက် ပုံမှန် အသက်မွေးဝမ်းကြောင်းရှိစေရေး၊ ပြောင်းရွှေ့နေရာချထားခြင်းများကို စနစ်တကျလုပ်ဆောင်ရန်၊ ၎င်းတို့၏ မြေယာပိုင်ဆိုင်ခွင့်နှင့် မိရိုးဖလာ မြေယာပိုင်ဆိုင်ခွင့်၊ အခြားသော မြေယာပိုင်ဆိုင်ခွင့်ဆိုင်ရာ အကြောင်း အရာများကို ဆွေးနွေးရန်။

CONFIDENTIAL

## (၁၁) အလုပ်သမား ကိစ္စများ

အလုပ်သမားအရေးတွင် လုပ်အားပေးများ ပပျောက်ရေး၊ တရားမဝင်ငွေကြေးကောက်ခံခြင်း၊ အလှူငွေကောက်ခြင်းနှင့် ခိုင်မာသော အလုပ်သမားအခွင့်အရေးများရှိရေး။

## (၁၂) ပညာရေးအဆင့်အတန်းများ

ပညာရေးဂဏ္ဍာတွင် ပညာရေး အဆင့်အတန်းမြင့်မားရေး၊ ကွန်ပြူတာနှင့် သတင်းနည်းပညာဆိုင်ရာများ ဖွံ့ဖြိုးရေး၊ ပြည်နယ်များတွင် မနေထိုင်သည့် တိုင်းရင်းသားများ၏ လူမှုရေးနှင့် ပညာရေးဖွံ့ဖြိုးရေး။

## (၁၃) ဘာသာစကားနှင့် ယဉ်ကျေးမှုအခွင့်အရေးများ

ဘာသာစကားနှင့် ယဉ်ကျေးမှုအခွင့်အရေးများတွင် တိုင်းရင်းသားစာပေကို အခြေခံပညာရေးတွင် သင်ကြားပို့ချရန်၊ တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များ ထိန်းသိမ်းရေးနှင့် တိုးတက်ပြန့်ပွားရေးအတွက် ယဉ်ကျေးမှုကျောင်းများ သင့်လျော်သည့်နေရာတွင် ဖွင့်လစ်ရေး၊

## (၁၄) ဘာသာရေး အခွင့်အရေးများ

ဘာသာရေးဆိုင်ရာ အခွင့်အရေးများတွင် ဘာသာရေးစာပေများကို လွတ်လပ်စွာ ပုံနှိပ်ဖြန့်ဝေခွင့်၊ ခရစ်ယာန်နှင့် အခြားသောဘာသာများ သာဘာရေးအတွက် မြေပိုင်ဆိုင်ခွင့်၊ ဘုရားကျောင်းနှင့် အခြားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဆောက်ပိုင်ခွင့်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လွတ်လပ်စွာ ဆက်သွယ်၍ အလုပ်လုပ်ပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်နှင့် လူသားချင်းစာနာသည့် အထောက်အကူများပေးရန်အတွက် လွတ်လပ်စွာ သွားလာခွင့်တို့ပါဝင်သည်။

## (၁၅) ခွဲခြားဆက်ဆံခြင်း မရှိရေး

ခွဲခြားဆက်ဆံခြင်းမရှိရေးတွင် အစိုးရဝန်ထမ်းများ ခန့်အပ်ရာတွင်လည်းကောင်း၊ ရာထူးတိုးရာတွင်လည်းကောင်း လူမျိုး၊ ဘာသာရေး၊ ကျားမဖြစ်ခြင်းပေါ် အခြေခံခြင်းမရှိစေရေးတို့ ပါဝင်သည်။

## (၁၆) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းများ

ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်းများကို မေးခွန်းထုတ်ခြင်း

## (၁၇) ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းကို မေးခွန်းထုတ်ခြင်း - ဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းနှင့် နိုင်ငံတကာ ခရီးသွားများ လွတ်လပ်စွာသွားလာနိုင်စေရေး

CONFIDENTIAL

## (၁၈) သတင်းမီဒီယာ

တိုင်းရင်းသားလူမျိုးများအကြား ပူးပေါင်းဆက်နွယ်မှု ပိုမိုများပြားလာစေရန်အတွက် ဒေသခံ ရေဒီယိုထုတ်လွှင့်ရေးကို ဒေသခံ ဘာသာစကားများဖြင့် ထုတ်လွှင့်ရန်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ အင်တာနက်၊ တီဗွီအစီအစဉ်များနှင့် အခြား ဒေသခံအဖွဲ့အစည်းများအား တည်ဆဲ ဥပဒေနှင့်အညီ မှတ်ပုံတင် လိုင်စင်များထုတ်ပေးရန်။

## (၁၉) NGOs ပါဝင်ခြင်းနှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံရှိ NGOs ပါဝင်မှုနှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများကို မေးခွန်းထုတ်ခြင်း။

CONFIDENTIAL

နောက်ဆက်တွဲ ၃။ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ

CONFIDENTIAL

နောက်ဆက်တွဲ ၄။ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ( ၂၀၁၁ နိုင်ဝင်ဘာမှ ၂၀၁၂ ဒီဇင်ဘာအတွင်း)

CONFIDENTIAL

| **DATE** | **AGREEMENT** |
|---|---|
| Nov. 19, 2011 | 1. RCSS (SSA-SOUTH) NEGOTIATIONS |
| Dec. 11, 2011 | 2. RCSS (SSA-SOUTH) NEGOTIATIONS (LT GEN YAWD SERK) |
| Dec. 11, 2011 | 3. DKBA BREAKAWAY (KALO HTOO BAW, SAW LAH PWE) |
| Jan. 4, 2011 | 4. WA (SR2) (U PAUK YU CHANG) & MONGLA (UNK) |
| Jan. 6, 2012 | 5. CNF NEGOTIATIONS |
| Jan. 28, 2012 | 6. KNU NEGOTIATIONS |
| Jan. 28, 2012 | 7. SSPP (SSA-N) PRELIMINARY AGREEMENT |
| Feb. 1, 2012 | 8. NMSP |
| Feb. 7, 2012 | 9. KNU/KNLA-PC NEGOTIATIONS |
| March 1, 2012 | 10. NMSP (VICE CHAIRMAN NAI RAO SA) |
| March 7, 2012 | 11. KNPP NEGOTIATIONS |
| April 5, 2012 | 12. ALP NEGOTIATIONS (KHAI SOE NAING) |
| April 6, 2012 | 13. KNU NEGOTIATIONS |

| | |
|---|---|
| April 09, 2012 | 14. NSCN-K |
| June 27, 2012 | 15. PA’O NATIONAL LIBERATION ORGANIZATION (PNLO) |
| Aug. 26, 2012 | 16. PA’O NATIONAL LIBERATION ORGANIZATION (PNLO) |
| Aug. 28, 2012 | 17. PA’O NATIONAL LIBERATION ORGANIZATION (PNLO) |
| Dec. 9, 2012 | 18. CNF NEGOTIATIONS |

## နောက်ဆက်တွဲ ၅။ အခြားစာတမ်းများ

| **DATE** | **AGREEMENT** |
|---|---|
| 2012 | 1. PRELIMINARY FRAMEWORK AGREEMENT (DEC. 2012) |
| 2012 | 2. STATEMENT OF ETHNIC NATIONALITIES 2012 CONFERENCE |
| 2012 | 3. STATEMENT FROM CIVIL SOCIETY FORUM FOR PEACE 2012 |
| 2013 | 4. CONSULTATIONS WITH EAG’S LEADERSHIP (JAN.-APRIL 2013) |

CONFIDENTIAL

## နောက်ဆက်တွဲ ၆။ ပုံပြကားချပ်များ

1. PANGLONG GRAPHIC 1 (PARTICIPATION)
2. PANGLONG GRAPHIC 2 (PROCESS)

CONFIDENTIAL